# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

May 2 , 2023 Volume 66, Number 1


၂.၅.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၈၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၇၃ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၉.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၁.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၆.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၄.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၈၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၄၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၄၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၀.၄၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၃၇၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်ပစ္စည်းများ တင်ပို့ရန် GACC တွင် မှတ်ပုံတင်ရမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China–GACC) ၏ ကြေညာချက်အမှတ် (၂၄၈) နှင့် (၂၄၉)တို့အရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန် တင်ပို့မည့်/တင်ပို့လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် GACC တွင် မှတ်ပုံတင်ပြီးမှသာလျှင် တင်ပို့ခွင့်ရရှိမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့မည့် ကုန်စည်အမျိုးအစား(၄)ခုဖြစ်သည့် အသားနှင့်အသားထုတ်ကုန်များ၊ ရေထွက်ကုန်များ၊ နို့ထွက်ပစ္စည်းများ၊ ငှက်သိုက်နှင့် ဆက်စပ်ထုတ်ကုန်များနှင့် ကုန်စည်အမျိုးအစား(၁၄)ခုဖြစ်သည့် အစာသွပ်ရန် အသုံးပြုသည့် အပေါ်ခွံအစွပ်၊ ပျားရည်နှင့်ပျားထွက်ပစ္စည်း၊ ဥနှင့်ဥထုတ်ကုန်များ၊ စားသုံးဆီအပြင် အသားအား ဂျုံသားဖြင့်ပြုလုပ်ထားပြီး စားသုံးနိုင်သည့် သို့မဟုတ် အေးခဲထားသည့် ထုတ်ကုန်များ၊ စားသုံးနိုင်သောအစေ့အဆံများ၊ ကြိတ်ခွဲသီးနှံထွက်ကုန်များနှင့် မုယောစပါး၊ လတ်ဆတ်သောဟင်းသီးဟင်းရွက်များ၊ ရေခတ်ထုတ်ထားသော ဟင်းသီးဟင်းရွက်များနှင့်ပဲခြောက်များ၊ အနံ့အရသာအတွက် အသုံးပြုသော ဟင်းခတ်အမွှေးအကြိုင်များ၊ အခွံမာသီးနှင့်အစေ့အဆံများ၊ သစ်သီးခြောက်များ၊ မလှော်ထားသောကော်ဖီနှင့်ကိုကိုးစေ့များ၊ အထူးအာဟာရ အစားအသောက်များ၊ ကျန်းမာရေးဖြည့်စွက်စာများ စုစုပေါင်းကုန်စည် အမျိုးအစား (၁၈) အုပ်စုတို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့တွင် မှတ်ပုံတင်ရမည်ဖြစ်ပါသည်။

ကုန်စည်အုပ်စုအလိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)တွင် မှတ်ပုံတင်နိုင်ရေးအတွက် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များမှာ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ဖြစ်ကြပါသည်။ အဆိုပါကုန်စည် အမျိုးအစား(၁၈)အုပ်စု၌ ပါဝင်ခြင်းမရှိသည့်ကုန်စည်များကို ထုတ်လုပ်/တင်ပို့မည့် လုပ်ငန်းများအနေဖြင့် တရုတ်နိုင်ငံ၏ ပြတင်းတစ်ပေါက်အစီအစဉ်ဖြစ်သည့် https://cifer.singlewindow.cn သို့ ဝင်ရောက်၍ ကိုယ်တိုင် Account ဖွင့်လှစ်ကာ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့အထိ ကုမ္ပဏီ/စက်ရုံ(၁၂၇၀)ခုမှ ပေးပို့ထားသည့် စောင်ရေစုစုပေါင်း (၂၂၇၉) စောင်အား မှတ်ပုံတင်ရန် လျှောက်ထားပြီးဖြစ်ရာ စိုက်ပျိုးရေးဦးစီးဌာနမှ ကုမ္ပဏီ(၁၁၂၇)ခု၊ စောင်ရေ (၂၁၃၆)

စောင်၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကုမ္ပဏီ/စက်ရုံ (၁၂၀)ခု၊ စောင်ရေ (၁၂၀)စောင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကုမ္ပဏီ (၁၄)ခု၊ စောင်ရေ(၁၄) စောင်နှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကုမ္ပဏီ (၉)ခု၊ စောင်ရေ (၉)စောင် ဖြစ်ပါသည်။

အဆိုပါမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များအပါအဝင် ကုန်စည်များအား တရားဝင်တင်သွင်းနိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC)မှ မှတ်ပုံတင်ပေးပြီးဖြစ်သည့် လုပ်ငန်းများစာရင်းအား တရုတ်နိုင်ငံ၏ ပြတင်းတစ်ပေါက် အစီအစဉ် https://ciferquery.singlewindow.cn/ ၌ဖော်ပြထားပါသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စိုက်ပျိုးရေးစားသောက်ကုန်များ တင်သွင်းသည့်ကုမ္ပဏီများအနေဖြင့် မှတ်ပုံတင်ခြင်းအား ပြင်ဆင်ထားခြင်းနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) အောက်ရှိ Department of Animal and plant Quarantine ဌာနမှ စိုက်ပျိုးရေးစားသောက်ကုန်များဖြစ်သည့် ကော်ဖီစေ့ (raw) ၊ ကိုကိုးစေ့ (cocoa beans)၊ ဟင်းသီးဟင်းရွက်အစိမ်းများ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ စားသုံးနိုင်သည့် အစေ့အဆံများ (Edible grain)၊ ပဲများ၊ ဆီထွက်အပင်များ ၊ တရုတ်တိုင်းရင်းဆေးထုတ်လုပ်သည့် တိရစ္ဆာန် (သို့မဟုတ်) အပင်မူရင်းများ၏ quarantine access ကို GACC အောက်ရှိ Department of Animal and plant Quarantine ဌာနမှ တာဝန်ယူဆောင်ရွက်သွားမည်ပါသည်။

မှတ်ပုံတင်ခြင်းလုပ်ငန်းအား ကုမ္ပဏီလုပ်ငန်းများမှ ကိုယ်တိုင်ဆောင်ရွက်၍မရပါ။ သက်ဆိုင်ရာ Competent Authority Department ထံ လျှောက်ထားရမည်။ စိုက်ပျိုးရေးထွက်ကုန်များအတွက် စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်။ Competent Authority Department မှ အရာရှိ (Competent Authority) ကသာ ၎င်းလျှောက်ထားမှုကို ဆောင်ရွက်နိုင်ပါသည်။ စာ(သို့မဟုတ်) Email ဖြင့် dapq@customs.gov.cn သို့ပေးပို့ရမည်ဖြစ်ပါသည်။ သို့မဟုတ် မြန်မာနိုင်ငံရှိ တရုတ်သံရုံး တရုတ်နိုင်ငံရှိ မြန်မာသံရုံးမှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။

အဆိုပါ Website တွင် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့အထိ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC)တွင် Competent Authority ထောက်ခံချက်လိုသည့် ကုန်စည်အုပ်စုနှင့် ကိုယ်တိုင်ဝင်ရောက်လျှောက်ထားသည့် ကုန်စည်အုပ်စုအပါအဝင်စုစုပေါင်းစောင်ရေ(၁၈၄၄)စောင်အား မှတ်ပုံတင် ခွင့်ပြုထားပြီးဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

**Source: GACC, ရုံးလုပ်ငန်းအဖွဲ့**

**ပြည်တွင်းကုန်သွယ်မှုဌာနခွဲ**

## တင်သွင်းလာသည့် လျှပ်စစ်မော်တော်ယာဉ်များကို သတ်မှတ်အရောင်းပြခန်းနှင့် သိုလှောင်ရုံများမှာသာ ထားရှိရမည်ဖြစ်ပြီး အခြားနေရာများတွင် ပြသမည်ဆိုပါက ခွင့်ပြုချက်ထပ်မံရယူရမည်

တင်သွင်းလာသည့် လျှပ်စစ်မော်တော်ယာဉ်များကို သတ်မှတ်အရောင်းပြခန်းနှင့် သိုလှောင်ရုံများမှာသာ ထားရှိရမည်ဖြစ်ပြီး အခြားနေရာများတွင် ပြသမည်ဆိုပါက ခွင့်ပြုချက်ထပ်မံရယူရမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရန်နိုင်လွင်က နိုင်ငံပိုင်မီဒီယာများတွင် ပြောကြားသည်။

လျှပ်စစ်မော်တော်ယာဉ်များနှင့် ပတ်သက်ပြီး အရောင်းပြခန်း ဖွင့်လှစ်ခြင်းဆိုင်ရာ စည်းကမ်းချက်ကို အမိန့်ကြော်ငြာစာ အမှတ် (၂၄/၂၀၂၂)ကို လုပ်ထုံးလုပ်နည်းနဲ့အညီ ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။ "ဒီစည်းကမ်းချက်မှာ အဓိက အချက်ဖြစ်တဲ့ တင်သွင်းလာတဲ့ မော်တော်ယာဉ်တွေကို သတ်မှတ်ထားတဲ့ အရောင်းပြခန်းနဲ့သိုလှောင်ရုံမှာ ထားရှိရမယ်လို့ ဖော်ပြထားပြီး အရောင်းပြခန်းမှအပ အခြားနေရာတွေမှာ ပြသထားခြင်းဆောင်ရွက်မယ်ဆိုပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှာ သီးခြားခွင့်ပြုချက် ရယူပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်"ဟု ဦးရန်နိုင်လွင်က ပြောကြားသည်။

လျှပ်စစ်ကား – EV များနှင့် အားသွင်းစက်– Charger များ ဝယ်ယူအသုံးပြုရာတွင် စိတ်ကျေနပ်မှုမရှိခြင်းနှင့် နစ်နာဆုံးရှုံးမှုများရှိပါကတိုင်ကြားရန် စားသုံးသူရေးရာဦးစီးဌာနက အသိပေးကြေညာထားသည်။

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူကာကွယ်ရေးဥပဒေပြဋ္ဌာန်းချက်ပါ ရည်ရွယ်ချက်များနှင့်အညီ စားသုံးသူပြည်သူများအတွက် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ ဘေးအန္တရာယ်ကင်း ရှင်းရေး၊ စိတ်ကျေနပ်မှုရရှိစေရေး၊ အာမခံချက်အပြည့်အဝရရှိစေရေးနှင့် နစ်နာဆုံးရှုံးမှုများအား ကုစားပေးရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

စားသုံးသူပြည်သူများ အလွယ်တကူ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ရန်နှင့် တိုင်ကြားနိုင်ရန်အတွက် နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေး စင်တာ– consumer information and complaint center – CICC ရုံး ပေါင်း ၄၈ ရုံးကို ဖွင့်လှစ်ထားသည့်အပြင် consumer call center ဖုန်းနံပါတ် ၁၅၃၅ သို့ ဆက်သွယ်ခေါ်ဆိုကာ စုံစမ်းမေးမြန်းခြင်း၊ နစ်နာဆုံးရှုံးမှုများအတွက် တိုင်ကြားခြင်းတို့ကိုလည်း လက်ခံ ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ လျှပ်စစ်ကားများ electric vehicle – EV နှင့် အားသွင်းစက် charger များအား ဝယ်ယူသုံးစွဲရာတွင် စိတ်ကျေနပ်မှုမရှိခြင်းနှင့် နစ်နာဆုံးရှုံးမှုများရှိပါက စားသုံးသူရေးရာဦးစီးဌာန၏ consumer call center ဖုန်းနံပါတ် ၁၅၃၅ သို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း စားသုံးသူရေးရာဦးစီးဌာနက အသိပေးကြေညာထားသည်။

နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် EV ယာဉ်များအား မြို့ပြလမ်းကွန်ရက်စနစ်များတွင် ပြေးဆွဲရာ၌ အဆင်ပြေစေရန် စီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်နိုင်ငံလုံးရှိ အဓိကလမ်းကွန်ရက်များတွင်ပါ ပြေး ဆွဲနိုင်အောင် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

ထို့ပြင် ပြည်သူများ သွားလာရေးလွယ်ကူ အဆင်ပြေစေရန်နှင့် ကုန်ကျစရိတ်သက်သာစေရန်အတွက် လျှပ်စစ်သုံး ယာဉ်များအား ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ လမ်းအသုံးပြုခ ကင်းလွတ်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အလားတူ နေပြည်တော်၊ ရန်ကုန်၊ မန္တ လေးမြို့ကြီးများတွင် EV ယာဉ်များအား မြို့ပြလမ်းကွန် ရက် စနစ်များတွင် ပြေးဆွဲရာ၌ အဆင်ပြေစေ ရန် စီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်နိုင်ငံလုံးရှိ အဓိကလမ်းကွန်ရက်များတွင်ပါ ပြေးဆွဲနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် သဘာဝရုပ်ကြွင်းလောင်စာဆီသုံးစွဲမှုကိုလျှော့ချရန် လျှပ်စစ်ကားများ ပြေးဆွဲအသုံးပြုနိုင်ရေးအတွက် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုဖြင့် နေပြည်တော်တွင် လေးနေရာ၊ ရန်ကုန်မြို့တွင် ငါးနေရာ၊ မန္တလေးမြို့တွင် ငါးနေရာနှင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ပေါ်တွင် ငါးနေရာ၊ စုစုပေါင်း ၁၉ နေရာကို Pilot Project အနေဖြင့် တာဝန်ခွဲဝေ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/247602

## ရာသီပေါ်ချိန် ထန်းသီးဆန်များ မန္တလေးဈေးကွက်သို့ရောက်ရှိလာ



Photo: Internet

မန္တလေးမြို့ စားသုံးသူဈေးကွက်သို့ ရာသီပေါ်သီးနှံဖြစ်သည့်အပြင် ဆေးဘက်ဝင်သော ထန်းသီးဆန်များ ရောက်ရှိလာပြီဖြစ်ပြီး အရွယ်အစားအလိုက် ထန်းသီးဆန် ၇ ဆန်လျှင် ငွေကျပ် ၁၀၀၀ဖြင့် ရောင်းချကြောင်းသိရသည်။

ထန်းသီးတစ်လုံးလျှင် ထန်းသီးဆန် ၃ ဆန်ဝန်းကျင်ပါရှိပြီး ယခုချိန်တွင် အရည်ရွှမ်း၍ စားသုံးရန်အကောင်းဆုံးဖြစ်ကာ ချိုဆိမ့်သောအရသာရှိသည်ဟု မိတ္ထီလာမြို့နယ်၊ရှမ်းတဲရွာမှ ထန်းသီးဆန်ရောင်းချသူ ဦးကျော်ဆန်းကပြောသည်။ "သယ်ယူစရိတ်က ၂ ဆလောက်ပိုပေးရတယ်။ခုလက်ရှိမှာ ရောင်းတဲ့သူ ၁၀ ဦး လောက်ရှိတယ်။ မန္တလေးက ထန်းသီးဆန်ကိုကြိုက်ကြတယ်။ အလုံး ၂၀ လောက် ပါတဲ့ အခိုင်လိုက်ဆို ၃၀၀၀ ရောင်းတယ်။ အဆန် ၅၀၀၀ ဖိုး ဝယ်ပြီး ဆိုင်ရှေ့မှာ အကုန်စားပစ်သူလည်းရှိတယ်။ ကဆုန်ညောင်ရေသွန်းပွဲကို အဓိကထားပြီး လာရောင်းကြတော့ နောက်ရက်မှာ ရောင်းတဲ့သူတွေတိုးလာမယ်"ဟု ၎င်းကပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် မိတ္ထီလာမြို့နယ်မှ ဦးစွာထွက်ရှိပြီး တံတားဦးမှ ထန်းသီးဆန်မှာ နောက်ဆုံးထွက်ရှိကြောင်း၊ မန္တလေးမြို့၊ ဗောဓိကုန်းဘုရား တောင်ဘက်မုခ်၊ မန္တလေးတက္ကသိုလ်(ပင်မ)၏ မြောက်ဘက်လမ်းဘေးတလျှောက်တွင် ရောင်းချလျက်ရှိရာ နယ်ဒေသများမှ လာရောက်ရောင်းချသူပေါင်း ၁၀ ဦးမှ ၂၀ ဦး ကျော်ရှိကြောင်းသိရသည်။ "တန်ခူးလ၊ ထန်းသီးဆန်ပေါ်ချိန် အရည်ရွှမ်းပြီးစားလို့ကောင်းတယ်။ နယုန်လလောက်မှာ အရင့်ဘက်ရောက်လာလို့ နည်းနည်းမာလာတယ်။ မိတ္ထီလာနယ်ဘက်က လာရောင်းသူအများဆုံးပဲ။ အရင်တုန်းကတော့ ဗောဓိကုန်းဘုရား၊ ညောင်ရေသွန်းပွဲမှာ ရက်တိုလာရောင်းကြပေမယ့် ခုတော့ တခြားဘုရားတို့၊ ဈေးတို့မှာလည်း သွားရောင်းကြတယ်" ဆက်လက်ပြောကြားသည်။

ထန်းသီးတစ်ခိုင်လျှင် ထန်းသီး ၁၀လုံးမှ အလုံး ၂၀ ပါဝင်ပြီး မန္တလေးအရောက် ငွေကျပ်၂၀၀၀-၂၅၀၀ ဝန်းကျင်ရှိ၍ မန္တလေးတွင် ညအိပ်နေထိုင်ရောင်းချကြရာ ရာသီချိန်တစ်လခွဲခန့်ကြာမြင့်၍ တစ်ရာသီလျှင် ငွေကျပ် ၁၀ သိန်းကျော် အပိုဝင်ငွေရရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၂၄-၄-၂၀၂၃ မှ ၂၈-၄-၂၀၂၃) အတွင်း ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2022 Crop) ကျပ် ၂၀၆၈၀၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၂၂၉၈၀၀၀ နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကျပ် ၂၃၉၀၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2022 Crop) ကျပ် ၁၁၅၀၀၀ ဈေးမြင့်တက်ခဲ့ပြီး မတ်ပဲ SQ/RC (2022 Crop) ကျပ် ၁၃၂၀၀၀ နှင့် Red/RC (2022 Crop) ကျပ် ၆၀၀၀၀ ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2022 Crop) ကွန်တိန်နာ ၁၅ လုံး ( တန်ချိန် ၃၆၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲFAQ/RC (2022 Crop) ကွန်တိန်နာ ၁၀၀ လုံး (တန်ချိန် ၂၄၀၀) နှင့် မတ်ပဲ SQ/RC (2022 Crop) ကွန်တိန်နာ ၁၅ လုံး ( တန်ချိန် ၃၆၀ ) စုစုပေါင်း ကွန်တိန်နာ ၁၁၅ လုံး (တန်ချိန် ၂၇၆၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကွန်တိန်နာ ၁၀၀ လုံး (တန်ချိန် ၂၄၀၀) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ မြွားနီ ကျပ် ၁၁၀၀၀၊ ပန်းရဲငရုတ်(သစ်) AC ကျပ် ၁၂၃၀၀၊ မိုးထောင်( ဒီမွန်) ကျပ် ၁၂၅၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၇၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၅၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်ဈေးများ ငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ငရုတ်ရှည်အိတ်ပေါင်း ၇၀၀၀ (၁၄၀၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၀၀၀ (၁၅၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၈၀၀၀ (၁၆၀၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၀၀၀ (၁၅၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သဖြင့် ငရုတ်ရှည်အိတ်ပေါင်း ၁၀၀၀ ( ၂၀၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၇၅၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၆၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းများဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သောထန်းလျက်၊ကြံသကာနှင့်သကြား(တစ်ပိဿာ)ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၂၇၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၃၀၀၀၊ ပခုက္ကူကြမ်းကျပ် ၂၇၀၀၊ ရေစကြိုထန်းလျက်(ချော) ကျပ် ၃၄၀၀၊ ကြံသကာ(စစ်) ကျပ် ၂၈၀၀ နှင့် သကြား ( ပြည်တွင်း ) ကျပ် ၃၁၂၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာမလိုင်(ဒုံး) ကျပ် ၁၅၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၁၀၀၊ ပခုက္ကူကြမ်းကျပ် ၁၀၀၊ ရေစကြိုထန်းလျက်(ချော) ကျပ် ၅၀၀၊ ကြံသကာ(စစ်) ကျပ် ၅၀ နှင့် သကြား ( ပြည်တွင်း ) ကျပ် ၁၀ ဈေးမြင့်တက်ခဲ့သည်။

**Source: SSMaw (Domestic (Ygn) MITC**

## ငွေလဲနှုန်းငြိမ်နေသော်လည်း နိုင်ငံခြားဖြစ်ဆေးဝါးများ ဈေးမြင့်တက်နေဆဲဖြစ်

နိုင်ငံခြားငွေလဲနှုန်း အတက်အကျမရှိ ငြိမ်နေသော်လည်း နိုင်ငံခြားဖြစ်ဆေးဝါးများမှာ ဈေးမြင့်တက်နေဆဲဖြစ်ကြောင်း ဝယ်ယူသုံးစွဲသူများထံမှ သိရသည်။

နိုင်ငံခြားဖြစ်ဆေးဝါးများသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဇူလိုင်လမှစတင်ပြီး ဈေးမြင့်တက်ခဲ့ရာမှ နောက်ပိုင်းတွင် ဈေးပြန်လည်ကျဆင်းခြင်းမရှိတော့ပဲ ယနေ့အချိန်အထိ အမြင့်ဈေးဖြင့်သာ ငြိမ်နေကြောင်း သိရသည်။

ယင်းအပြင် နိုင်ငံခြားဆေးဝါးများ ဈေးတက်နေပြီး ကုန်ပစ္စည်းအဝင် နည်းပါးမှုကြောင့် ဈေးကွက်အတွင်း ဆေးပစ္စည်း အချို့ ပြတ်လပ်နေမှုများရှိနေကြောင်း၊ ပြည်တွင်းရှိ ဆေးဝါးဈေးကွက်တွင် ၈၀ ရာခိုင်နှုန်းကျော်ကို ပြည်ပနိုင်ငံတွေမှ တင်သွင်းနေရပြီး ကျန်ရှိသည့် ၂၀ ရာခိုင်နှုန်းမှာ ပြည်တွင်း၌ ထုတ်လုပ်နေခြင်းဖြစ်ကြောင်းသိရသည်။ "ဆေးတွေက တောက်လျှောက်ကိုတက်နေတာ။ ကိုယ်တွေက ဆီးချိုရောဂါသမားဆိုတော့ ဆေးကို မပြတ်ဝယ်ရတယ်။ ဈေးကတက်နေတော့ ဘယ်လိုမှအဆင်မပြေဘူး။ မဖြစ်မနေမို့လို့သာဝယ်နေရတာ။ အခု ကိုဗစ်တွေလည်းပြန်ဖြစ်နေတော့ ဆေးတွေထပ်ပြီး ဈေးတက်မှာစိုးရိမ်နေရတယ်။ ဝယ်မရတော့မှာလည်း စိုးတယ်"ဟု ဆေးဝါးဝယ်ယူသူတစ်ဦးကပြောသည်။

ပြည်ပမှ နိုင်ငံခြားဖြစ်ဆေးဝါးများ တင်သွင်းသည့်အခါ ကုန်သွယ်ရေးဦးစီးဌာနသို့ တိုက်ရိုက်လျှောက်ထား ခွင့်ပြုထားသော်လည်း နိုင်ငံခြားဖြစ်ဆေးဝါးများသည် ဈေးနှုန်းကျဆင်းလာခြင်းမရှိပဲ ဆက်လက်မြင့်နေခြင်းဖြစ်ကြောင်း သိရသည်။ နိုင်ငံခြားဖြစ်ဆေးဝါးများကို တရုတ် ၊ အိန္ဒိယ ၊ ပါကစ္စတန်နှင့်ထိုင်းနိုင်ငံမှ အများဆုံးတင်သွင်းနေကြောင်း သိရသည်။

**Source: Popular News Journal**

## ကမ္ဘာ့သကြားဈေး မြင့်တက်နေသည့်အတွက် ပြည်တွင်းသကြား ဈေးလိုက်လံမြင့်တက်

ကမ္ဘာ့သကြားဈေးမှာ မြင့်တက်နေသည့်အတွက် လက်ကျန်နည်းနေသည့်ပြည်တွင်း သကြားဈေး မှာ လိုက်လံ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့သကြားဈေးမှာ တစ်တန်လျှင် ယခင်က ဒေါ်လာ ၆၇၀ ၊ ၆၈၀ သာရှိခဲ့ပြီး လက်ရှိတစ်တန်လျှင် ၇၁၁ ဒေါ်လာ အထိ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရပါသည်။ "လတ်တလော ကမ္ဘာ့သကြားဈေးက တော်တော်မြင့်တက်နေတယ်။ ဒါကြောင့် ပြည်တွင်းဈေးက လိုက်လံ မြင့်တက်လာတဲ့သဘောပါ။ နောက်ပြီး export ထွက်ထားတော့ သကြားလက်ကျန် တော်တော်နည်းနေတယ်၊ ကမ္ဘာ့ဈေးကလဲတက်နေတော့ ပြည်တွင်းမှာလဲ နောက်ဆုံးပိတ်အရောင်းဝယ်ဖြစ်သွားတဲ့ဈေးက ၃၁၇၅ ပါ။ စက်ရုံဈေးပေါ့" ဟု မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဦးစိန်ထွန်းက ပြောထားသည်။

ယခင်က သကြားတစ်ပိဿာလျှင် ၂၉၃၀ ကျပ်သာပေါက်ဈေးရှိပြီး လက်ရှိတစ်ပိဿာလျှင် ၃၁၇၅ ကျပ်အထိ အမြင့်ဈေးတွင်ရှိကြောင်းသိရသည်။ လက်ရှိ export အနေဖြင့် ဗီယက်နမ်သို့ အများဆုံးတင်ပို့နေပြီး မကြိတ်ခင်တည်းက ကြိုတင်စာချုပ်ချုပ်ဆိုထားသည့် သကြားတန်ချိန်များကို တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ဗီယက်နမ်နိုင်ငံသို့ ပျှမ်းမျှတန်ချိန်၉ သောင်းခန့် တင်ပို့ထားကြောင်းသိရသည်။ "သကြားထွက်ပြီး ဒီချိန်က သကြားဈေး အရမ်းတက်တဲ့အချိန်မဟုတ်ဘူး၊ မိုးအကုန်ဆောင်းအစမှာ စတက်တာပေါ့၊ ပြည်ပ export ပုံမှန် သွားနေရတာကြောင့် ဈေးကတော့အတက်ဈေးမှာပဲရှိမှာပါ။" ဟု သကြားကုန်သည်တစ်ဦးကပြောသည်။ ယခုနှစ်သကြား ဈေးကွက်ကောင်းမွန်နေသည့်အတွက် ပြည်တွင်းသကြားစက်ရုံအသီးသီးမှ ကြံဈေးနှုန်းများကို တိုးမြှင့်ပေးခဲ့ကြောင်း ကြံစိုက်တောင်သူများမှ သိရသည်။

ပြည်တွင်းသကြားစက်ရုံများအနေဖြင့် ကြံကြိတ်ရာသီအတွက် ကြံဈေး ၉ သောင်းသတ်မှတ်ထားရာမှ လက်ရှိသကြားဈေးကောင်းနေ၍ စက်ရုံအလိုက် ကြံဈေးများကို ၉၅၀၀၀မှ ၁၀၀၀၀၀အထိ တိုးပေးဝယ်နေခဲ့ကြောင်းသိရသည်။

ကိုဗစ်ကြောင့် ပြီးခဲ့သည့်နှစ်များက သကြားဈေးကွက်မှာအရှုံးပေါ်ခဲ့ပြီး ကြံစိုက်ဧကများကို လျှော့ချစိုက်ပျိုးခဲ့ခြင်းများလည်းရှိခဲ့ကာ ယခုနှစ်တွင် ဈေးကောင်းရနေသည့်အတွက် သကြားတိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း ကြံစိုက်တောင်သူများထံမှ သိရသည်။ တစ်နှစ်လျှင် ပျမ်းမျှ သကြားတန်ချိန် ၄ သိန်းခန့်ထွက်ရှိကြောင်း ကြံစိုက်တောင်သူများထံမှ သိရသည်။

မြန်မာနိုင်ငံ၏ ကြံကြိတ်ခွဲရာသီသည် နှစ်စဉ် ဒီဇင်ဘာလတွင်စတင်ကာ ဧပြီလဆန်းပိုင်းတွင် ကုန်ဆုံးလေ့ရှိပြီး ကြံကို အဓိက အားဖြင့် စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း (အရှေ့ခြမ်းနှင့် အနောက်ခြမ်း)၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့်မြောက်ပိုင်းတို့တွင် စိုက်ပျိုး နေခြင်းဖြစ်ကြောင်း သိရသည်။

**Source: (AMIA)**

http://download.htwettoe.com/

## နှစ်စဉ် တန်ချိန် ၁၉၀,၀၀၀ ကျော် ပြည်ပတင်ပို့နေရတဲ့ ရော်ဘာ ဧပြီလထဲ ပြည်တွင်းဈေးကောင်းနေ




နိုင်ငံပေါင်း ၇ နိုင်ငံသို့ နှစ်စဉ် တန်ချိန် ၁၉၀,၀၀၀ ကျော် တင်ပို့နေရတဲ့ မြန်မာ့ရော်ဘာဈေးကွက်ဟာ ပြည်ပဈေးကွက်မှာသာမက ပြည်တွင်းဈေးကွက် အတွင်းမှာလည်း ဈေးကောင်းရရှိနေပါတယ်။

ပြည်တွင်းဈေးကွက်မှာ ပြီးခဲ့တဲ့ မတ်လပထမအပတ်က ရော်ဘာအထူခြောက် တစ်ပေါင်ကို ငွေကျပ် ၁၀၀၀ ရှိရာမှ မတ်လ တတိယအပတ်မှာ ၉၄၅ ကျပ်သို့ ကျဆင်းခဲ့ပေမယ့် အခုဧပြီလမှာတော့ ငွေကျပ် ၁၂၀၀ ကို ပြန်လည် မြင့်တက်လာ ပါတယ်။

အဲလိုဈေးကောင်းရရှိတာဟာ အထူးသဖြင့် တရုတ်နိုင်ငံနဲ့ထိုင်းနိုင်ငံရဲ့ ဈေးကွက်ဝယ်လိုအားကြောင့် ဈေးကောင်းရနေတာဖြစ်တယ်လို့ မြန်မာ့ရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်း (တနင်္သာရီတိုင်းဒေသကြီး) မှသိရပါတယ်။ "လက်ရှိ ပြည်တွင်းရော်ဘာဈေး ပြန်လည်မြင့်တက် နေတာကတော့ ပြည်ပ ရော်ဘာဈေးကွက်ဖြစ်တဲ့ တရုတ်ဈေးကွက်ရော ထိုင်းဈေးကွက်မှာပါ ဈေးကောင်းရရှိနေတာကြောင့် ဖြစ်တယ်။ မြန်မာ့ဒေသထွက် ရော်ဘာကိုလည်း တရုတ်နဲ့ထိုင်း နှစ်နိုင်ငံကို အများဆုံးတင်ပို့နေတာဖြစ်တယ်" လို့ ၎င်းအသင်း တာဝန်ရှိသူက ပြောပါတယ်။

ရော်ဘာကို တနင်္သာရီတိုင်းဒေသကြီး ၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တွေမှာ အများဆုံးစိုက်ပျိုးကြပြီး စုစုပေါင်းစိုက်ဧက ၁ ဒသမ ၆သန်းကျော်ရှိပါတယ်။ အဲဒီ စိုက်ဧကတွေက ထွက်ရှိတဲ့ရော်ဘာတွေကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ စင်္ကာပူနိုင်ငံနဲ့တောင်ကိုရီးယားနိုင်ငံတွေကို တင်ပို့နေတာလို့သိရပါတယ်။

**ဤသတင်းကို MFNမှကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## တရုတ်ဘက်မှ အဝယ်ဆွဲမှုကြောင့် နှမ်းဈေးကွက်အလားလာဆက်ကောင်းနိုင်




ပြည်တွင်းဈေးကွက်အတွင်း နှမ်းများမှာ လက်ရှိအရောင်းအဝယ်ကောင်း နေတဲ့ အခြေအနေမှ ဆက်လက်၍လည်း အလားလာကောင်းနိုင်တဲ့ အခြေအနေမျိုး ဖြစ်နေကြောင်း ရန်ကုန်မြို့၊ ဘုရင့်နောင်ပွဲရုံဝင်းအတွင်းမှ ပွဲရုံလုပ်ငန်းရှင်တွေဆီက သိရပါတယ်။

"အခုဈေးကွက်အနေအထားက တရုတ်ဘက်ကနေ ဝယ်နေတာ၊ ဆက်ပြီး တော့လည်း ဝယ်သွားဦးမယ့် အခြေအနေရှိနေသေးတယ်၊ အဝင်ကနည်းပြီး အဝယ်ဆွဲတာကများနေတော့ ဈေးကောင်းနေတာ"လို့လည်း ပွဲရုံလုပ်ငန်းရှင် တစ်ဦးက ရှင်းပြပါတယ်။

ထိုနှမ်းဈေးကွက်ထဲမှာ လက်ကျန်နှမ်းနည်းနေပြီး အရည်အသွေးကောင်းတဲ့ နှမ်းတွေရှားပါးနေသလို ဈေးကွက်လိုအပ်ချက် မြင့်မားနေပြီး ဈေးနှုန်းများတစ်စစဖြင့် မြင့်တက်နေတာဖြစ်ပါတယ်။ ပုံမှန် အားဖြင့် တရုတ်၊ ကိုရီးယား၊ ဂျပန် စတဲ့ ဈေးကွက်တွေထဲကို တင်ပို့နေပေမယ့် လက်ရှိမှာ မြန်မာ-တရုတ် နယ်စပ်ဂိတ်တွေ

ဖွင့်နေပြီး တရုတ်ဝယ်လက် ကုန်သည်တွေရဲ့ အဝယ်ဆွဲမှုကြောင့် ဈေးနှုန်းတွေ မြင့်တက်လာတာလည်း ဖြစ်ပါတယ်။ "အဝင်က တော်တော်လေးနည်းတယ်၊ ဥပမာပြောရင်ဗျာ အရင်ကဆို တစ်ရက်ပျမ်းမျှ ကား ၁၀ စီးလောက် ဝင်တဲ့အနေအထားကနေ အခုက တစ်ဝက်တောင် မဝင်ဘူးဆိုတော့ ဈေးကွက်လိုအပ်ချက်ကလည်း မြင့်မားနေတာ"လို့လည်း ၎င်းက ဆက်လက်ရှင်းပြပါတယ်။

ယခင်နှစ်က ၄၅ ပိဿာဝင် နှမ်းတစ်အိတ်လျှင် ငွေ ၁၅၀၀၀ ကျပ်ဝန်းကျင်သာရှိရာမှ လက်ရှိဈေးနှစ်ဆလောက် မြင့်တက်နေပြီး ကျပ် ၃၀၀၀၀ ဝန်းကျင်ဖြစ်လာသလို ဈေးနှုန်းတွေ ဆက်လက်မြင့်တက်နေဦးမယ့် အခြေအနေမျိုးလည်း ဖြစ်နေတယ်လို့ သိရပါတယ်။

**ဤဆောင်းပါးကို Opinion Leaders မှကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## မွန်ပြည်နယ်ရှိ ဆားထုတ်လုပ်မှုလုပ်ငန်းတချို့ ရပ်နားလာ

ထုတ်လုပ်မှုစရိတ်နှင့် အလုပ်သမားရှားပါးမှု အခက်အခဲများကြောင့် မွန်ပြည်နယ်ရှိ ဆားထုတ်လုပ်မှု လုပ်ငန်းတချို့ ရပ်နားလာကြောင်း နေလှန်းဆားလုပ်ငန်း လုပ်ကိုင်သူများထံက သိရသည်။

လက်ရှိတွင် ဈေးကွက်အတွင်း ဆားကြမ်းဈေးကျနေပြီး ထုတ်လုပ်မှုစရိတ်ထက် လျော့နည်းရရှိနေကာ အရှုံးပေါ်နိုင်သည့် အနေအထားဖြစ်နေကြောင်း သိရသည်။

ထို့ပြင် ရာသီဥတုဖောက်ပြန်ခြင်းကြောင့်လည်း အလုပ်သမားများ အလုပ်လုပ်ရန် အခက်အခဲရှိလာသည့်အတွက် ဆားထုတ်လုပ်မှု မရှိတော့ဘဲ လုပ်ငန်းများရပ်နားလာကြောင်း သိရသည်။

သင်္ကြန်မတိုင်မီကာလက မွန်ပြည်နယ်တွင် နေလှန်းဆားတစ်ပိဿာလျှင် ကျပ် ၁၅၀ ခန့် ပေါက်ဈေးရှိသော်လည်း သင်္ကြန်ကာလပြီး နောက်ပိုင်းတွင် ကျပ် ၁၀၀ ဝန်းကျင်သာ ဈေးရရှိနေခြင်းဖြစ်သည်။

**Source:** https://t.me/sdtimedaily

## အထည်ချုပ်လုပ်ငန်းများ၌ တရုတ်နိုင်ငံမှ အများဆုံး ဝင်ရောက်ရင်းနှီးမြှုပ်နှံထား

ပြည်တွင်းရှိ အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် တရုတ်နိုင်ငံမှကုမ္ပဏီများ အများဆုံး ဝင်ရောက်ရင်းနှီးမြှုပ်နှံထားကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

တရုတ်နိုင်ငံအနေဖြင့် CMP စနစ်ဖြင့် လုပ်ကိုင်နေသည့် အထည်ချုပ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု အများဆုံး ပြုလုပ်ထားခြင်း ဖြစ်ပြီး အခြားသော ကဏ္ဍအချို့တွင်လည်း ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံထားသည့် စက်ရုံ/အလုပ်ရုံများမှာ ၅၀၅ ခုအထိ ရှိနေပြီး အခြားသော လုပ်ငန်းများဖြစ်သည့် ဖိနပ်ချုပ်လုပ်ငန်း ၄၈ခု၊ ဆံပင်တုလုပ်ငန်းရှစ်ခုနှင့် အိတ်ချုပ်လုပ်ငန်း၊ အားကစားဝတ်စုံ၊ အားကစား ဖိနပ်နှင့် ခြေအိတ်ချုပ်လုပ်ငန်းစသည့် စက်ရုံ၊ အလုပ်ရုံပေါင်း ၁၇၇ ခုတွင်လည်း ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ထားကြောင်း သိရသည်။

CMP စနစ်နှင့် မြန်မာနိုင်ငံမှ အထည်များ ပြည်ပတင်ပို့ရာတွင်လည်း ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ၂၀၂၂ ခုနှစ် ဧပြီလတွင် အမေရိကန်ဒေါ်လာ ၁၈၅သန်း၊ မေလတွင် အမေရိကန်ဒေါ်လာ ၃၈၄ သန်း၊ ဇွန်လတွင် အမေရိကန်ဒေါ်လာ သန်း ၆၁၀၊ ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၆၃၆ သန်း၊ ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ ၆၆၂ သန်း၊ စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ၊ အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ၃၆၄ သန်း၊ နိုဝင်ဘာလတွင် အမေရိကန်ဒေါ်လာ ၃၆၆ သန်း၊ ဒီဇင်ဘာလတွင် အမေရိကန်ဒေါ်လာသန်း ၃၆၀၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာသန်း ၃၆၀ ကျော်ခန့်အထိ ပို့ကုန်ဝင်ငွေရရှိကာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံကျော် ရရှိခဲ့ကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

# STOCK EXCHANGE (2.5.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 2nd May, 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,943 (Shares) | 20,417,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,900 | -300 | -3.66% | 8,100 | 8,100 | 7,900 | 40 | 322,000 | 33,109,694 | 261,567 |
| MTSH | 00002 | 2,800 | -200 | -6.67% | 2,900 | 2,900 | 2,800 | 4,105 | 11,752,050 | 38,929,150 | 109,002 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 767 | 5,369,000 | 10,400,986 | 72,807 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,450 | 1,450 | 2,004 | 2,905,800 | 29,664,613 | 43,014 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,550 | -50 | -1.92% | 2,550 | 2,550 | 2,550 | 27 | 68,850 | 19,977,223 | 50,942 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 2nd May, 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 352.33 | -10.62 | -2.93% | 358.86 | 358.86 | 352.33 | 6,943 | 20,417,700 | 7 | 620,828 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 2nd May, 2023

| Trading Volume | Trading Value |
|---|---|
| 6,943 (Shares) | 20,417,700 (MMK) |

### Main Board

As of 1:00 pm, 2nd May, 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,943 (Shares) | 20,417,700 (MMK) |

| MYANPIX | 352.33 ▼ 10.62 |
|---|---|
| Total Volume (shares) | 6,943 |
| Total Value (MMK) | 20 mil |
| Listed Company | 7 |
| Market Cap. (MMK) | 620,828 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,900 | ▼ 300 |
| MTSH | 00002 | 2,800 | ▼ 200 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,550 | ▼ 50 |
| AMATA | 00007 | 4,900 | ▲ 0 |